သတင်းထုတ်ပြန်ချက်

ချက်ချင်းထုတ်ပြန်ရန်

## **M&A Telecommunications နှင့် NTT Communications တို့ Colocation Resale Agreement စာချုပ်ချုပ်ဆိုပြီးစီးခြင်း ။**

၂၀၁၇ ခုနှစ်၊ ဇွန်လ (၂) ရက်၊ ရန်ကုန် – Myint & Associates Telecoms သည် NTT Communications နှင့် Resale Agreement သဘောတူညီမှုစာချုပ်တစ်ရပ်ကို အောင်မြင်စွာ ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ အဆိုပါသဘောတူညီချက်အရ NTT Communications သည် M&A Data Center ရှိ Server Colocation Space များကို မြန်မာနိုင်ငံနှင့်အရှေ့တောင်အာရှ ဒေသအတွင်းရှိ ၎င်း၏ ICT Client များနှင့် Customer များကို ပြန်လည်ရောင်းချသွားမည်ဖြစ်ပါသည်။ ထိုသို့ ပြန်လည်ရောင်းချခြင်းကို Kamayut Data Center ဟူသော နာမည်သစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ NTT Communications ၏ နာမည်ဂုဏ်သတင်းနှင့်နိုင်ငံတကာတွင် ဝန်ဆောင်မှုပေးနေမှုများကြောင့် M&A Data Center သည်လည်း မြန်မာနိုင်ငံ၏ပြင်ပသို့ ဝန်ဆောင်မှုများတိုးချဲ့ပေးအပ်လာနိုင်တော့မည်ဖြစ်သည်။ ထို့အပြင် NTT Communications အနေနှင့်အာရှပစိဖိတ်ဒေသအတွင်း ၎င်း၏ Data Center ဝန်ဆောင်မှုများကိုပိုမိုလျှင်မြန်ပြီးလက်တွေ့ကျစွာ ဆောင်ရွက်လာနိုင်တော့မည်ဖြစ်ပါသည်။ M&A Data Center သည် NTT Communications Ltd. ကဲ့သို့ Internet Service ဝန်ဆောင်မှုပေးလျက်ရှိသောကုမ္ပဏီနှင့် Resale Partner အဖြစ်လက်တွဲဆောင်ရွက်ပြီး တစ်ချိန်တည်းမှာပင် Carrier Neutral Data Center အဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ပါသည်။

Data Center များသည် စီးပွားရေးလုပ်ငန်းငယ်များ၊ ကုမ္ပဏီဆိုင်ရာစီးပွားရေးလုပ်ငန်းများနှင့်၊ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် ဘဏ်နှင့်စတော့ဈေးကွက်များ၊ အစိုးရဝန်ကြီးဌာနများ၏ လက်စွဲသဖွယ်ဖြစ်လာလျက်ရှိပါသည်။ Digital Data များကို သိုလှောင်သိမ်းဆည်းရန်အတွက် ကိုယ်ပိုင် Data Center တည်ဆောက်ရန်ဆိုသည်မှာ ဆောက်လုပ်ရေးစရိတ်ကြီးမားသည့်အပြင် ကောင်းမွန်စွာ ထိန်းသိမ်းသွားနိုင်ရန်မှာလည်း စိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် Digital Data များကို ကောင်းမွန်စွာနှင့်လုံခြုံစွာထိန်းသိမ်းပေးနိုင်သော ပြင်ပပုဂ္ဂလိက Data Center များအား ငှားရမ်းအသုံးပြုခြင်းက ပိုမိုထိရောက်ကာ ရေရှည်တွင် အကုန်အကျသက်သာပါသည်။ ပုံမှန်အားဖြင့်

Client ၏ မျှော်လင့်ချက်များပြည့်ဝစွာဖြစ်ပေါ်လာရေးအတွက် Client နှင့် Data Center အကြားတွင်လုပ်ငန်းဆိုင်ရာသဘောတူညီမှုအတွက် စာချုပ်ချုပ်ဆိုလေ့ရှိပါသည်။ Client ၏ဝန်ဆောင်မှုဆိုင်ရာမျှော်မှန်းချက်များ ပြည့်ဝစွာမပေးနိုင်ပါက Data Center အနေနှင့် ပြန်လည်ပေးဆပ်ရမည့်ပြစ်ဒဏ်များပါ လုပ်ငန်းဆိုင်ရာသဘောတူညီမှုစာချုပ်တွင် ပါဝင်ပါသည်။

Myint & Associates Telecoms မှ တည်ဆောက်၍ ဆောင်ရွက်နေသော Myint & Associates Data Center သည် Uptime Institute မှ Tier III Design Certification ကို ရရှိထားသည့် မြန်မာနိုင်ငံ၏ပထမဆုံးနှင့် တစ်ခုတည်းသော Data Center ဖြစ်ပါသည်။ Uptime Institute ဆိုသည်မှာ အမေရိကနိုင်ငံတွင်တည်ရှိသော Global Data Center Authority ဖြစ်ပါသည်။ လုပ်ငန်းလည်ပတ်နေသည်မှာ နှစ်နှစ်ကျော်ပြီဖြစ်သော M&A Data Center သည် Carrier Neutral Data Center တစ်ခုအဖြစ်၊ မြန်မာနိုင်ငံ၏ပထမဦးဆုံး Grade A Commercial Property ဖြစ်ပြီး ငလျင်ဒဏ်ကို ၇.၂ ရစ်ချ်တာစကေးအထိ ခံနိုင်ရည်ရှိသော Vantage Tower တွင် တည်ရှိပါသည်။ M&A Data Center တွင် Server Colocation Space ကို ( ၉၀ ) Racks အထိထားရှိနိုင်ပြီး Double Redundant Power System, Temperature, Humidity Control စသည့် စနစ်များပါရှိသည့်အပြင်၊ လုပ်ငန်းလည်ပတ်မှုကို အဆင့်မြင့် Network Operations Center မှ ဆောင်ရွက်ပေးပါသည်။ M&A Data Center သည် လုပ်ငန်းလည်ပတ်နေစဉ်မှာပင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုဆောင်ရွက်နိုင်သဖြင့်၊ Operational Time Service Guarantee မှာ ၉၉.၉၉% အထိ ရှိပါသည်။

**<u>Myint & Associates Telecommunications</u>**

M&A Telecommunications Ltd. သည် MPRL E&P ကုမ္ပဏီများအုပ်စု၏ နည်းပညာဆိုင်ရာကုမ္ပဏီခွဲတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ IT Infrastructure နယ်ပယ်တွင် M&A Telecoms သည် Data Center Design၊ Development၊ Commissioning နှင့် Operations ပိုင်းဆိုင်ရာတွင် ရှေ့တန်းမှ ဦးဆောင်လျက်ရှိသည်။ ထို့အပြင် IT Solutions နှင့် Services များကို စံနှုန်းမြင့်မားစွာ ရရှိလိုသော Customers များအတွက် Cloud Computing နှင့် Virtual Private Computing Services များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

## NTT Communications Corporation

NTT Communications သည် စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့စည်းများ၏ ICT ဆိုင်ရာပတ်ဝန်းကျင်ကိုပိုမိုကောင်းမွန်စေရေးအတွက် Consultancy၊ Architecture နှင့် Security များ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါဝန်ဆောင်မှုများကို ကမ္ဘာ့နိုင်ငံနှင့်ဒေသပေါင်း ၁၉၆ နေရာနှင့် Data Center ပေါင်း ၁၄၀ ကျော်သို့ ကုမ္ပဏီ၏ကမ္ဘာတစ်လွှားဖြန့်ကျက်တည်ဆောက်ထားသော Tier–1 IP Network ၊ Arcstar Universal One VPN Network တို့ဖြင့် ဆောင်ရွက်ပေးနေပါသည်။ NTT Communications Corporation တွင် Dimension Data ၊ NTT DOCOMO နှင့် NTT Data စသော NTT ကုမ္ပဏီများ အုပ်စုဝင်ကုမ္ပဏီများ ပါဝင်ပါသည်။